# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခု ဖြစ်သည့်အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံးအဖြစ်လည်း တာဝန်ယူဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ တို့အရ ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အား စိစစ်ခွင့်ပြုခြင်းတို့ကို အဓိက လုပ်ဆောင်လျက်ရှိပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် Online မှ တစ်ဆင့် ကုမ္ပဏီမှတ်ပုံတင်ကိစ္စရပ်များကို လွယ်ကူစွာဆောင်ရွက်နိုင်မည့် အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အပြင် နိုင်ငံခြားသားများ နေထိုင်ခွင့်အတွက် Online မှ တစ်ဆင့် Visa ထောက်ခံချက်ထုတ်ပေးခြင်းစနစ် (Online Recommendation Letter for Visa Extension)နှင့် ရင်းနှီးမြှုပ်နှံသူများ အတွက် ကယ်ဆယ်ရေး လေယာဉ်ဖြင့် လိုက်ပါခွင့်များတို့ကို ထောက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ၊ လျှပ်စစ်ကဲ့သို့ အခြေခံအဆောက်အဦလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းတင်သွင်းခြင်းများ ကိုလည်း လျှင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် အခက်အခဲများရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်နယ်/ တိုင်းဒေသကြီးများရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန(ရုံးခွဲ)များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန